'ဆွဲဆောင်မှုအားကောင်းသော စိတ်ဝင်စားဖွယ် စာအုပ်ဖြစ်သည်။ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားအေးဂျင့်များက ပြောပြသော ဗွီအိုင်ပီများ၏အရှုပ်တော်ပုံဇာတ်လမ်းများလည်း ပါဝင်သည်။ ဆိုးသွမ်းစုတ်ပဲ့သူများကို စိတ်ကောင်းရှိသူတို့၏ စာနာမှုများ ချိန်ခွင်လျှာညှိထားသည်။ ထဲထဲဝင်ဝင် နှိုက်ချွတ်ရေးထားစေကာမူ သက်သောင့်သက်သာ ဖတ်ရှုနိုင်သော စာအုပ်ဖြစ်သည်။ ရော်လ်နယ်ကက်စလာသည် အများက လေးစားရသော သတင်းသမားတစ်ဦးဖြစ်သည်'

USA Today

'လေးနက်သည့် အကြောင်းချင်းများဖြစ်သော်လည်း စာဖတ်သူက သက်သောင့်သက်သာ ဖတ်နိုင်စေရန် တင်ပြထားသည်။ ရော်လ်နယ်ကက်စလာသည် စာရေးကောင်းသူဖြစ်သည်။ အိမ်ဖြူတော်၏ စာခန်းဆီးနောက်ကွယ်မှ ဖြစ်ရပ်များသည် စိတ်ဝင်စားဖွယ်ပင်။ အေးဂျင့်များသည် ကျေးဇူးတင်မခံရဘဲ ဖြစ်နေပုံ၊ လျှို့ဝှက်ထောက်လှမ်းရေး အုပ်ချုပ်ရေးအပိုင်းသည် အပြောင်းအလဲ လိုအပ်နေပုံတို့ကို ကက်စလာက တိတိကျကျ ရေးပြထားသည်'

News Week

'သမ္မတတို့၏ဘဝနှင့် အေးဂျင့်များ၏ဘဝများကို အံဖုံးဖွင့်ပြလိုက်ခြင်းဖြစ်သည်'

New York Post

'ဝါရှင်တန်ပို့စ်နှင့် ဝေါလ်စထရိဂျာနယ် သတင်းထောက်ကက်စလာသည် သတင်းကို တူးဆွရှာဖွေနိုင်စွမ်းရှိသော သတင်းသမားဖြစ်သည်။ စာအုပ်ပါအချို့အချက်များသည် မယုံနိုင်ဖွယ်ဖြစ်သော်လည်း သတင်း၏အရင်းအမြစ်အချို့ကို အမည်နှင့်တကွ ခိုင်ခိုင်မာမာ ဖော်ပြထားသည်။ စာချစ်သူများ နှစ်ခြိုက်မည့်စာအုပ် ဖြစ်သည်'

Library Journal

'သမ္မတတို့၏ မယုံနိုင်ဖွယ် အဖြစ်အပျက်များကို မြင်တွေ့ရမည်။'

Jon Stewart, The Daily Show

'ကျစ်ကျစ်လစ်လစ် အပိုအလိုမရှိ ရေးသားထားသည့်စာအုပ်ဖြစ်သည်။ အမေရိကန်သမ္မတကို အသက်စွန့်ကာကွယ်ပါမည်ဟု သစ္စာပြုထားကြသည့် ကိုယ်ရံတော်အေးဂျင့်များ၏ ပြောပြချက်များကို ဖော်ပြထားသည်။ သိပြီးသားများပါသလို၊ မသိရသေးသော အဖြစ်အပျက်များလည်း ပါဝင်သည်။ အေးဂျင့်များ၏ ကိုယ်တွေ့ဖြစ်ရပ်များနှင့် ယခင်က လျှို့ဝှက်ထားခဲ့သော အချက်များကို သည်းထိတ် ရင်ဖိုဖွယ်ရာ ရေးဖွဲ့ထားသည်'

Audio File